ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 6 June 2023 ၁၁၁၁၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

# ပလတ်စတစ် ညစ်ညမ်းမှုတိုက်ဖျက်ရေးကို မိမိတို့ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်

နေပြည်တော် ဇွန် ၅

၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ၁၉၇၃ ခုနှစ်မှစတင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့သည်မှာ ယခုအခါ နှစ်(၅၀)ပြည့်မြောက်သည့် ရွှေရတုကို ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ယနေ့ ဖတ်စရာ

**“မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၂) (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၃-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၁၀

**မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ**

စာမျက်နှာ » ၁၅

## ကြေးမုံ

# အနုပညာသည်ပြည်သူအတွက် စိတ်ဓာတ်ခွန်အားများပေးစွမ်း

ဖျော်ဖြေမှုလည်းပါ အနုပညာလည်းမြောက်ပြီး နိုင်ငံနှင့် ပြည်သူကို အကျိုးပြုသည့် စွမ်းဆောင်ရှင်များသည် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များဖြစ်ကြသည်။ အကြင်နာလက်၊ အပြုံးမျက်နှာ၊ ကရုဏာနှလုံးသား၊ ချိုသာသောစကားများဖြင့် အများအကျိုးကို ထိရောက်စွာ သယ်ပိုးစွမ်းဆောင်နိုင်သူများသည် ပြည်သူချစ်သော အနုပညာရှင်များဖြစ်သည်။

ဖျော်ဖြေမှုဖြင့် ပြည်သူများ၏ စိတ်နှလုံးဘဝင်ကို လန်းဆန်းရွှင်ပြုံး ပီတိသုခဖုံးပြီး ရသအမျိုးမျိုးပေးစွမ်းကြသော အနုပညာရှင်များသည် ခေတ်အဆက်ဆက်တွင် ပြည်သူများအား စေတနာသန့်သန့်ဖြင့် ပေးဆပ်လာခဲ့ကြသည်။ အနုပညာရှင်များသည် ပြည်သူများအတွက် အသည်းနှလုံး၊ ပြည်သူများသည် အနုပညာရှင်များအတွက် အားပေးမြှင့်တင်ပေးကြသူများဖြစ်သည်။ ထို့ကြောင့် ပြည်သူနှင့် အနုပညာရှင်၊ အနုပညာရှင်နှင့် ပြည်သူများသည် အပြန်အလှန်အမှီသဟဲပြုနေကြရာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမကူညီပေးကြရမည်ဖြစ်သည်။

အနုပညာရှင်များသည် ပြည်သူများအား စဉ်ဆက်မပြတ် ဖျော်ဖြေတင်ဆက်ပေးနေကြသလို နိုင်ငံတော်နှင့် ပြည်သူများအရေးကိစ္စများတွင်လည်း အနုပညာစွမ်းပကားဖြင့် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် အကြောင်းအမျိုးမျိုးဖြင့် ဒုက္ခအခက်အခဲရောက်ကြပြီး အကူအညီလိုအပ်နေသော ပြည်သူများ၊ နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားဆောင်ရွက်ကြသော တပ်မတော်သားများ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ပိုင်းဆိုင်ရာ အင်အားများဖြစ်လာစေရေးအတွက် စိတ်ဓာတ်ခွန်အားများမြင့်မားလာအောင် အားပေးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်သူချစ်သော အနုပညာရှင်များသည် ပြည်သူကို ထာဝစဉ်အလုပ်အကျွေးပြုခဲ့ကြသည်။ ပြုနေဆဲဖြစ်သည်။ အနုပညာရှင်များ၏ စိတ်ဓာတ်ခွန်အား အားပေးမြှင့်တင်ပေးမှုများကြောင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အင်အားများဖြစ်စေခဲ့သည်။ မကြာသေးမီက မြန်မာနိုင်ငံတွင် အလွန့်အလွန်အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းဒဏ်ခံစားခဲ့ကြရသည့် ပြည်သူများဘဝ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြန်လည်ထူထောင်ပေးနိုင်ရေးအတွက် နိုင်ငံတော်က အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ပေးနေချိန်တွင် အနုပညာရှင်များကလည်း မည်သူ၏ တိုက်တွန်းမှုမျှမပါဘဲ စိတ်စေတနာထက်သန်စွာဖြင့် အားတက်သရော ဝိုင်းဝန်းကူညီလှူဒါန်းခဲ့ကြသည်။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ထိခိုက်နစ်နာခဲ့ကြသည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ နှစ်သိမ့်အားပေးခြင်း၊ လှူဒါန်းခြင်းများပြုလုပ်ခဲ့ကြသည်။ ပြည်သူချစ်သော အနုပညာရှင်များ၏ အားပေးကူညီဖြည့်ဆည်းပေးမှုများကြောင့် မုန်တိုင်းဒဏ်ခံစားနေကြရသော ပြည်သူများ၏စိတ်ဓာတ်များ ပြန်လည်တက်ကြွပြီး လန်းဆန်းလာကြမည်ဖြစ်သည်။ ယခုတစ်ဖန် မုန်တိုင်းဒဏ်သင့်ပြည်သူများအား မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် နိုင်ငံတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်ပေးလျက်ရှိရာတွင် အထောက်အပံ့တစ်ခုရရှိစေရန်အတွက် ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ဖျော်ဖြေပွဲကြီးကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ဇွန်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မုန်တိုင်းရန်ပုံငွေအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူချစ်သော ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာလောကသားများ စုပေါင်း၍ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီပံ့ပိုးကြရန် ရည်ရွယ်ချက်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖျော်ဖြေတင်ဆက်ခဲ့ကြခြင်းသည် ဝမ်းမြောက်စရာဖြစ်သည်။ ဤပဒေသာကပွဲကြီးကို စီစဉ်ကပြဖျော်ဖြေ ကူညီပံ့ပိုးကြရာ၌ လိုအပ်သော ငွေကြေးပစ္စည်းပစ္စယများအပြင် အနုပညာလောကသားတို့၏ ဖြူစင်သော မေတ္တာ၊ သန့်ရှင်းသောစေတနာတို့ကို တိုင်းပြည်လိုအပ်ချက်ရှိနေချိန်တွင် ထုတ်ဖော်ပြသနိုင်ခဲ့သည်။ အနုပညာလောကသားများ၏ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်ခဲ့ကြသောကြောင့် မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ ကြေကွဲပူဆွေးနေသော စိတ်ခံစားမှုများ ပြေပျောက်၍ ပြန်လည်တက်ကြွလန်းဆန်းလာလိမ့်မည်ဟူသော ယုံကြည်မှုဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ အနုပညာသည် ပြည်သူအတွက်၊ နိုင်ငံအတွက်ဟူသော မွန်မြတ်သောရည်ရွယ်ချက်ဖြင့် အစဉ်အလာမပျက် ထမ်းရွက်ခဲ့ကြသည့် ပြည်သူချစ်သော ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၏ ယနေ့စွမ်းဆောင်မှုများသည် အနုပညာရှင်ပီသမှုကို ထင်ဟပ်ပေါ်လွင်စေခဲ့ပေသည်။ ဆက်လက်၍လည်း အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးကို ဆက်လက်သယ်ပိုး စွမ်းဆောင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၃/၂၀၂၂ (မကွေး) နှင့် ၁၄/၂၀၂၂ (မွန်)၊ တရားမအထူးအယူခံမှုအမှတ် ၁/၂၀၂၃ (ရန်ကုန်)နှင့် ၂/၂၀၂၃ (ရှမ်း) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က အလုပ်အမှုဆောင်အဖွဲ့ခန့်အပ်လွှာများပေးအပ်

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ ရက် ညနေ ၄ နာရီက မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ Hmaw Bi Hotel ၌ ကျင်းပခဲ့သည်။

**ခန့်အပ်လွှာပေးအပ်**

ဦးစွာ ဗဟိုဥက္ကဋ္ဌဦးဝဏ္ဏ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးထင်ကျော်တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။



ထို့နောက် မှော်ဘီခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်တင် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့အား ဗဟိုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ"**ခေါင်းစဉ်ဖြင့် ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **"PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ဖယ်ခုံမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ တစ်ထပ်ကျောင်းဆောင် တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၁၀၀ | ၁၀၃ | ၈၄၄,၃၀၀ |
| MTSH | ၂,၈၀၀ | ၂,၉၀၀ | ၂၉၈ | ၈၅၂,၇၀၀ |
| MCB | ၇,၁၀၀ | ၇,၃၀၀ | ၇ | ၅၀,၉၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၂,၀၂၁ | ၂,၉၃၀,၄၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၇၇ | ၁၉၂,၅၀၀ |
| EFR | ၂,၅၅၀ | ၂,၄၅၀ | ၅၅၂ | ၁,၃၆၇,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂ | ၉,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❊ ရှေ့ဖုံးမှ

“ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)”ဟု သတ်မှတ်ထားပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှု အန္တရာယ်ဆိုင်ရာ အကျိုးဆက်များကို နိုင်ငံများအားလုံး ဖြေရှင်းဆောင်ရွက်ရန်၊ ပလတ်စတစ်ညစ်ညမ်းမှု ကိုင်တွယ်ဖြေရှင်းခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ စွန့်ပစ်ပစ္စည်းအနည်းဆုံးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် ပတ်လည် စီးပွားရေးလုပ်ငန်း (Circular Economy) သို့ အသွင်ကူးပြောင်းရန် အချိန်ကျရောက်ပြီဖြစ်သည်ကို သတိပေးလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

**ပလတ်စတစ်၏ ဆိုးကျိုး**

ပလတ်စတစ်၏ ဆိုးကျိုးနှင့်ပတ်သက်၍ ပလတ်စတစ်သည် သဘာဝအလျောက် မပျက်စီးသည့်၊ ပြိုကွဲပျောက်ပျက်ရန်မလွယ်သည့်၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းပြီး အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများထဲမှ တစ်ခုဖြစ်ပြီး နှစ်ပေါင်းများစွာကြာမှသာ ပြိုကွဲပျက်စီးနိုင်ပါကြောင်း၊ ကုန်းမြေနှင့် ရေလမ်းကြောင်း၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများ၊ မြစ်ချောင်းများ၏ ရေလမ်းကြောင်း စီးဆင်းမှုများ ပိတ်ဆို့မှုဖြစ်ပွားပြီး ရေကြီးရေလျှံသည်အထိပါ ဖြစ်ပွားစေပါကြောင်း၊ ရေလမ်းကြောင်းအနီး၌ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းသည် ရေချိုသယံဇာတများကို ညစ်ညမ်းစေသည်သာမကဘဲ ရေအရည်အသွေးကိုလည်း ကျဆင်းစေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ စွန့်ပစ်ပလတ်စတစ်များသည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာ အဏ္ဏဝါပတ်ဝန်းကျင်ကို ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ သေးငယ်သည့် ပလတ်စတစ်အပိုင်းအစများ(မိုက်ခရိုပလတ်စတစ်)အဖြစ် ပြောင်းလဲဖြစ်ပေါ်ကာ အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေ**

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ဖျောက်ဖျက်ပစ်ရန် မီးရှို့ဖျက်ဆီးမည်ဆိုပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်စသည့် ဓာတ်ငွေ့များထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အတွက် လူသားများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်သည် စတင်ထုတ်လုပ်သည့်အချိန်မှစ၍ အသုံးပြုပြီး စွန့်ပစ်သည့်အချိန်အထိ ၎င်း၏သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေသည်သာမကဘဲ ကုန်းနေရေနေ သတ္တဝါများကိုပါ အန္တရာယ်များစွာ ကျရောက်စေပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူတစ်ဦးချင်းစီသည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် ပျမ်းမျှပလတ်စတစ်အမှုန်ပေါင်း ၅၀၀၀၀ နှင့်အထက် ခန္ဓာကိုယ်အတွင်းကို အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိလျက်ရှိကြောင်းကို ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်က ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရှိရပါကြောင်း၊ အဆိုပါ ကိစ္စရပ်သည် မည်မျှအန္တရာယ်ကြီးသည်ကို စဉ်းစားကြည့်ပါက သိနိုင်ပါကြောင်း။

မြစ်ချောင်းများသည် ပလတ်စတစ်အမှိုက်များကို ကုန်းတွင်းပိုင်းမှ ပင်လယ်ထဲကိုသယ်ဆောင်ပြီး သမုဒ္ဒရာညစ်ညမ်းမှုကို အဓိက ဖြစ်စေပါကြောင်း၊ လက်ရှိသမုဒ္ဒရာများအတွင်း ပလတ်စတစ်တန်ချိန် ၇၅ သန်းမှ ၁၉၉ သန်းခန့်အထိ တွေ့နိုင်သည်ဟု လေ့လာချက်များအရ သိရှိရပါကြောင်း၊ ပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် စွန့်ပစ်မှုပုံစံများကို မပြောင်းလဲပါက ရေနေဂေဟစနစ်အတွင်းကို ပလတ်စတစ်အမှိုက် ဝင်ရောက်မှု ပမာဏသည် တစ်နှစ်ကို တန်ချိန် ၁၉ သန်းမှ ၂၃ သန်းအထိရှိနေပြီး ၂၀၄၀ ပြည့်နှစ်တွင် သုံးဆနီးပါး တိုးလာနိုင်သည်ကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ဖော်ပြထားချက်များအရ လေ့လာသိရှိရပါကြောင်း။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization– FAO)က ထုတ်ပြန်သည့် “**၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်း အစီရင်ခံစာ(The State of World Fisheries and Aquaculture 2022)**”အရ ပင်လယ်နေသတ္တဝါများကို အလွန်အကျွံဖမ်းဆီးခြင်း၊ ရေထုညစ်ညမ်းခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် အခြားအကြောင်းများကြောင့် ရေနေသတ္တဝါများနှင့် ရေသယံဇာတများ ဆက်လက်ကျဆင်းနေသည်ကို တွေ့ရှိရပါကြောင်း၊ စွန့်ပစ်ထားသည့် ငါးဖမ်းပိုက်များ၊ ပျောက်ဆုံးသွားသည့် ငါးဖမ်းပိုက်များ၊ အသုံးပြု၍မရတော့သည့် ငါးဖမ်းပိုက်များစသည့် အဏ္ဏဝါပလတ်စတစ် အမှိုက်သရိုက်များ၏ စိန်ခေါ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်နေသည်ကို ဖော်ပြထားပါကြောင်း။

အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ခဲ့ပြီး အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဒေသတွင်း(၂၀၂၁-၂၀၂၅) လုပ်ငန်းအစီအစဉ်၌ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၄၅ နှင့် ပုဒ်မ ၃၉၀၊ ပုဒ်မခွဲ (ခ)တို့တွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ တာဝန်ရှိမှုကို သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မိမိတို့တစ်တွေသည် မူလကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများဖြစ်ကြသည့် အားလျော်စွာ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့်ကဏ္ဍမှ တာဝန်သိတတ်သည့်စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေး ဖြေရှင်းရန် သတ်မှတ်ထား**

မြန်မာနိုင်ငံအနေဖြင့် “**မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာ**” နှင့် “**ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)**”တွင် ရည်မှန်းချက်ပန်းတိုင်(၆)ခုကို အခြေခံချမှတ်ထားပြီး ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေး ဖြေရှင်းရန် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံသည် “**ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း**”၏ အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းကိစ္စရပ်များအပေါ် ကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့်အညီ “**ပတ်ဝန်းကျင် မထိခိုက်စေသော ခိုင်လုံသည့် အစီအမံ(Environmentally Sound Management)**”ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတဖြစ်သည့် သစ်နှင့် ဝါးကုန်ကြမ်းများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ် အစားထိုးသုံးပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်သည့် အခြေခံများရှိပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် သစ်တောများ စနစ်တကျပြုပြင်ထိန်းသိမ်း စိုက်ပျိုးထုတ်လုပ်ခြင်းကို ကမ္ဘာတွင် စံပြအဖြစ် ကောင်းစွာပြုလုပ်နိုင်ပါကြောင်း၊ ပလတ်စတစ် အစားထိုးစက္ကူမျိုးစုံ ထုတ်လုပ်ခြင်းကို သစ်တောများ ပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် မိမိတို့ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆု ရရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**❖ ပလတ်စတစ်သည် စတင်ထုတ်လုပ်သည့် အချိန်မှစ၍ အသုံးပြုပြီး စွန့်ပစ်သည့်အချိန်အထိ ၎င်း၏ သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေသည်သာမကဘဲ ကုန်းနေရေနေ သတ္တဝါများကိုပါ အန္တရာယ်များစွာ ကျရောက်စေ**

**❖ ကမ္ဘာပေါ်ရှိ လူတစ်ဦးချင်းစီသည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ပလတ်စတစ်အမှုန်ပေါင်း ၅၀၀၀၀ နှင့်အထက် ခန္ဓာကိုယ်အတွင်းကို အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိလျက်ရှိကြောင်းကို ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်က ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရှိရ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ထို့အတူ ပြည်တွင်းမှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် စွန့်ပစ်ပစ္စည်းများ တတ်နိုင်သမျှလျှော့ချရန်၊ ပြန်လည်သုံးစွဲရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းမှာမလိုလားအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများမှ ရှောင်ရှားနိုင်ရန် ပြည်ပနိုင်ငံများက စွန့်ပစ်ပစ္စည်းများ တင်သွင်းလာမှု မရှိစေရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်နှင့် အမှိုက်ခွဲခြားသိမ်းဆည်းသည့် စနစ်တို့ကိုလည်း ပိုမိုကောင်းမွန်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

**3R စနစ်**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး ပလတ်စတစ်ညစ်ညမ်းမှုမှ ကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် **"ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)"** ဆိုသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှုကို လျော့ကျစေရန် 3R စနစ်ဖြစ်သည့် ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချခြင်း (Reduce)၊ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု ရှောင်ကြဉ်ပြီး ပြန်လည်အသုံးပြုခြင်း(Reuse)နှင့် စွန့်ပစ်ပလတ်စတစ် ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)တို့ကို ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးကို မိမိတို့ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြပြီး ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့ဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်မှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာမှ တာဝန်ရှိသူထံ လည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံဆုရရှိသည့် Global Earth Seafood Processing Plant and Cold Storage Facility Global Earth ARGO and AQUA Industry Public Company Limited မှ တာဝန်ရှိသူထံလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသည့် ကျောင်းများကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကျောင်းများကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံး ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဗီဒီယိုကို ပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (အထက်တန်းအဆင့်)တတိယဆု ရရှိသည့်ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စိမ်းလန်းစိုပြည်သောကျောင်း(မူလတန်းအဆင့်) ဒုတိယဆု ရရှိသည့်ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါး တတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံး တတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့်အခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ကျောဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက် ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနား ကျင်းပပြုလုပ်မည့် အခြေအနေများကို လျှောက်ထားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မစိုးရိမ်တိုက်သစ် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားကို နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်ကြီးများ ဦးဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများက အနိစ္စာဝတ သင်္ခါရာစသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပင့်ဆောင်မည့် လမ်းကြောင်းတစ်လျှောက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လောင်တိုက်ပြာသာဒ်တည်ဆောက်နေမှု အခြေအနေများနှင့် သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇာသဘင် ကျင်းပရန် ပြင်ဆင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇာသဘင်ကျင်းပရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကို ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ လည်းကောင်း၊ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇာသဘင်အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၅ နာရီခွဲမှ စတင်၍ လည်းကောင်း MRTV HD Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ မဟာဗောဓိ ရုပ်သံလိုင်းနှင့် Buddha Channel တို့တွင် တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သံဃရတနာ ဆရာတော်ဘုရားတည့်လေး

(သံဃပူဇာတေးထပ်)

✦ သီလဂုဏ် သမာဓိ
ပညာအပြည့် ထူးလှရတနာ
နမာမိ ဖူးမဝပါတယ်
ဦးချအခါခါ ဝပ်တွား။
ဗန်းမော်ကျောင်းတိုက် နဝမ အခါတွင်
သာသနာ့ဆရာအရှင် ထွန်းတောက်ထင်ရှား။

✦ သုံးပုံပိဋကတ် ဘဂဝါအမွေတော်ကို
သာသနာအရှည်မျှော် ဆင့်ပွား။
မဟာထေရ်ကျော် သတိပဋ္ဌာန်တရားရယ်နဲ့
ပင့်ဘာန်အား ဉာဏ်ရောင်။
ဗုဒ္ဓစာပေ လမ်းမှန်ရှုပါလို့
ကျမ်းဂန်ပြု ထမ်းရွက်ဦးဆောင်။

✦ စွမ်းသန်မှု သဒ္ဓါကပြောင်တယ်
သံဃဦးသျှောင် အကြီးအမှူးမို့
ဘွဲ့အထူးထူး ဂုဏ်အဖြာဖြာ
ဆက်ကပ်ပူဇာ။

✦ ဗုဒ္ဓအမွေနှစ် သုံးရပ်သာသနာကို
ဘုန်းမြတ်မဟာ သယ်ပိုးခဲ့လေး။

✦ သာသနာကောင်းကျိုး ရှယ်ကိုးကာရယ်
သယ်ပိုးအခါခါ အားစိုက်ခဲ့လေး။

✦ သာသနာ့ဝန်ထမ်း ဉာဏ်အလှသာတယ်
သံဃရတနာ ဆရာတော်ဘုရားတည့်လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# "မိုခါ" မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၂)(လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**စစ်တွေမြို့ မီးလင်းပြီ**

စစ်တွေမြို့၌ ရောက်ရှိနေခိုက် မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက် ဦးစီးဌာနများဖြစ်သော သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနများသို့ သွားရောက်ကာ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်တွေမြို့သို့ရောက်ရှိစဉ် မှာကြားခဲ့သည့်အတိုင်း ဝန်ထမ်းအိမ်ရာများ၊ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း၏ ကျောင်းသူအိပ်ဆောင်နှင့် စာသင်ဆောင်တို့ အမိုးများမိုးခြင်းကို ဦးစားပေးဆောင်ရွက်စေခဲ့သည်။ ရုံးများတွင် တပည့်များနှင့် တွေ့သောအခါ ရင်းနှီးမှုသဘောအရ၊ လောကဝတ်အရ နှုတ်ဆက်စကားဆိုဖြစ်သည်-

"သမီးတို့နေကောင်းကြလား၊
အိမ်တွေထိခိုက်ပျက်စီးမှုအခြေအနေ ဘယ်လိုရှိလဲ၊
ဘာအခက်အခဲတွေရှိကြလဲ၊
ဒီနေ့ဘာဟင်းချက်လဲ"

နောက်ဆုံးမေးခွန်းကို မေးလိုက်ချိန်တွင်မူ တချို့က ချက်ချင်းမဖြေ၊ ပြုံး၍ကြည့်နေသည်၊ တချို့ကမူ ဖြေသည်၊ ခေါက်ဆွဲပြုတ်လာသည်၊ ဘဲဥကြော်လာသည် စသည်ဖြင့်......။ မေးမယ့်သာ မေးရသည်၊ မီးသွေးမီးဖို၊ ထင်းမီးဖိုများနှင့် အချိန်လု၍ ထမင်းဟင်းချက်နေရမှတော့ ဘယ်ကလာပြီး ဖွယ်ဖွယ်ရာရာ ချက်နိုင်ပါတော့မည်နည်း။ မကြာမီ လျှပ်စစ်မီးများပြန်ရတော့မည်ဖြစ်ကြောင်း၊ တယ်လီဖုန်းလိုင်းများကောင်းအောင်လည်း အင်တိုက်အားတိုက်ပြုပြင်ပေးနေကြကြောင်း အားပေးစကားဆိုခဲ့သည်။ ဆိုခဲ့သည့်အတိုင်းလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် မေလ ၁၄ ရက်နေ့မှစ၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့သော မြို့ရွာဒေသများ၌ အမြန်ဆုံး မီးပြန်လည်လင်းစေရေး



စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအား မီးပူဇော်ထားစဉ်။

ကြိုးပမ်းဆောင်ရွက်နေသည်။

ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ကြီးသည်လည်း သစ်ပင်သစ်ကိုင်းများကျိုးကျ၊ လမ်းများပိတ်ဆို့၊ ဓာတ်မီးတိုင်များ အလဲလဲအကွဲကွဲဖြစ်နေသည့်အခြေအနေမှ မြို့တွင်းရှင်းလင်းရေးကို ဦးစားပေးဆောင်ရွက်ရင်း တစ်ဖက်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများ၏ နေ့၊ ညကြိုးပမ်းဆောင်ရွက်မှုများကြောင့် မေလ ၂၅ ရက်နေ့မှစ၍ ၅၀၀ KVA မီးစက်ဖြင့် လမ်းမကြီးအချို့ကို မီးပေးနိုင်သည့်အခြေအနေ ရောက်ရှိစေခဲ့သည်။ ညလုံးပေါက်မပေးနိုင်သည့်တိုင်၊ ရပ်ကွက်များသို့ မပေးနိုင်သေးသည့်တိုင် လောကာနန္ဒာဘုရားကြီးအတွင်း ရောင်တော်ဖွင့်မီးများကိုလည်းကောင်း၊ မြို့ကျက်သရေဆောင် နာရီစင်ကြီးနေရာအပါအဝင် မေယုလမ်းမကြီးတစ်လျှောက် ကားကြီးဝင်းအနီး မီးစက်ကြီးအဝိုင်းမှ နာရီစင်အထိလည်းကောင်း၊ နာရီစင်မှ ဘီလူးမချောင်းတံတား၊ ဆတ်ရိုးကျချောင်းတံတားလမ်းအထိလည်းကောင်း လမ်းမီးများလင်းစေခဲ့သည်။ တယ်လီဖုန်းအားသွင်းမှုအပါအဝင် အိမ်သုံးလျှပ်စစ်မီးအိမ်များ အားသွင်းနိုင်ရေးအတွက်လည်း Charging Point နေရာများအဖြစ် ကားကြီးဝင်း၊ မီးစက်ကြီးအဝိုင်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်၊ ဘီလူးမတံတားထိပ်၊ လောကာနန္ဒာဘုရားရှေ့၊ လေယာဉ်ကွင်းလမ်းဆုံ၊ ကားကြီးဝင်းအနီး(ကျော်ဇံဆီဆိုင်ရှေ့)ဟူ၍ ရှစ်နေရာသတ်မှတ်ပြီး စီစဉ်ဆောင်ရွက်ပေးထားကြောင်း တွေ့ရသည်။

**ရခိုင်ပြည်နယ်အတွင်းသို့ ဝင်ရောက်လာသော ဓာတ်အားကွန်ရက်စနစ်**

နိုင်ငံတော်က ဖြန့်ဝေပေးနေသောဓာတ်အားစနစ်သည် ရခိုင်ပြည်နယ်အတွင်းသို့ အောက်ဖော်ပြပါလမ်းကြောင်းများအတိုင်း ဝင်ရောက်သွယ်တန်းဖြန့်ဝေပေးခဲ့သည်။

(က) ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းများ
မင်းဘူး(မန်း)-အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း
အမ်း-မအီ-ကျောက်ဖြူ
ဥသျှစ်ပင်-တောင်ကုတ်-မအီ
အသုတ်-ဂွ

(ခ) ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များသို့ ဖြန့်ဝေပေးပို့ခဲ့သည်။

(ဂ) ကျောက်ဖြူပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကျောက်ဖြူ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ(မဒေးကျွန်း)၊ ရမ်းဗြဲ၊ ဇင်ချောင်းသို့ ဖြန့်ဝေပေးပို့ခဲ့သည်။

(ဃ) တောင်ကုတ်ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် တောင်ကုတ်၊ မအီ၊ သံတွဲ၊ သူငွေး၊ ကျောက်ကြီးမြို့များသို့ ဖြန့်ဝေသည်။ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် မြေပုံ၊ ပေါက်တော၊ တပ်တောင်၊ ကမ်းထောင့်ကြီးမြို့များသို့ ဖြန့်ဝေပေးပို့ခဲ့သည်။

**တာဝါတိုင်များလဲပြို လျှပ်စစ်ဓာတ်အားပြတ်တောက်**

မေလ ၁၄ ရက်နေ့ ဝင်ရောက်တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းကြောင့် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းတစ်လျှောက်၌ မြစ်ကျော်တိုင်များအပါအဝင် တာဝါတိုင်များ ကျိုးပြတ်လဲပြိုကာ ဓာတ်အားပြတ်တောက်ခဲ့သည်။ ယင်းလိုင်းနှင့်ဆက်စပ်နေသော စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား-မြေပုံ-ပေါက်တောမြို့များသည်လည်းကောင်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များသည်လည်းကောင်း ဓာတ်အားပြတ်တောက်သွားခဲ့သည်။ အလားတူ ၆၆ ကေဗွီဓာတ်အားခွဲရုံများ၊ ၆၆ ကေဗွီဓာတ်အားလိုင်းများသည်လည်း မြစ်ကျော်တိုင်များအပါအဝင် ချို့ယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိသည့်အနက် ၁၀ မြို့နယ်တွင် လျှပ်စစ်ဓာတ်အားချို့ယွင်းပြတ်တောက်သွားခဲ့သည်။

**စုဖွဲ့ပြင်ဆင်စေလွှတ်၊ လုပ်ငန်းများဆောင်ရွက်**

အဆိုပါပျက်စီးချို့ယွင်းမှုများအား အမြန်ဆုံးပြင်ဆင်ပြီး လျှပ်စစ်ဓာတ်အားပုံမှန်ပို့လွှတ်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အစားထိုးရန်လိုအပ်သော ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ၊ ကရိန်းယာဉ်၊ အုပ်ချုပ်မှုယာဉ်များအပါအဝင် ယာဉ်ယန္တရားများ၊ အုပ်ချုပ်သူများ၊ ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများ စုဖွဲ့ပြင်ဆင်စေလွှတ်ပေးခဲ့သည်။ ထိုသို့စေလွှတ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ဝန်ထမ်းများ နေရာစုံ၊ ဒေသစုံ ပါဝင်လာကြောင်း တွေ့ရသည်။ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူမှ ဒေသခံလျှပ်စစ်ဝန်ထမ်းများ၊ နေပြည်တော်တိုင်းရုံး၊ ပဲခူးအရှေ့အနောက်၊ ရှမ်းမြောက်/ရှမ်းတောင်၊ ရန်ကုန်နှင့်မန္တလေး၊ မကွေး၊ ဧရာဝတီ၊ မွန်၊ ကရင် စသည်ဖြင့် .....။ စက်ယာဉ်ယန္တရား ၆၂ စီး၊ လူအင်အား ၅၆၇ ဦးပါဝင်သောအဖွဲ့ ၁၆ ဖွဲ့သည် မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့များတွင် **စာမျက်နှာ ၇ သို့** ☆



စစ်တွေမြို့တွင်ဓာတ်အားလိုင်း၊ ထရန်စဖော်မာနှင့် အဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။



စစ်တွေမြို့တွင်ဓာတ်အားလိုင်းများ သွယ်တန်းနေစဉ်။

★ စာမျက်နှာ ၆ မှ

အခြေပြု၍လည်းကောင်း၊ ကရိန်းယာဉ် ၃၀၊ အုပ်ချုပ်မှုယာဉ် ၂၅ စီးနှင့် လူအင်အား ၅၉၁ ဦးပါဝင်သောအဖွဲ့ ၁၄ ဖွဲ့သည် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်မြို့များ၌အခြေပြု၍လည်းကောင်း အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ကျန်ဒေသများဖြစ်သည့် ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ဘူးသီးတောင်၊ မောင်တောမြို့များ၌လည်း သက်ဆိုင်ရာမြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံအဖွဲ့များက ပါဝင်ဆောင်ရွက်နေသည်။

ဆောင်ရွက်ရသော လုပ်ငန်းပမာဏကလည်း ကြီးမားများပြားသည်။ အချို့နေရာများတွင် မြစ်ကျော်တာဝါတိုင်များကို ခဲရာခဲဆစ်ပြန်လည်စိုက်ထူရသကဲ့သို့ အချို့ရေလွှမ်းနေသောနေရာများမှ ဓာတ်အားလိုင်းတိုင်များကို ပြန်လည်အစားထိုးတည်ဆောက်ရသည်မှာ မလွယ်ကူပါ၊ မြို့နယ်အလိုက်၊ မြို့အလိုက် ၂၃၀ ကေဗွီလိုင်းများ၊ ၆၆ ကေဗွီလိုင်းများ၊ မြို့တွင်း ၁၁ ကေဗွီနှင့် ၄၀၀ ဗို့လိုင်းများ ပြန်လည်ကောင်းမွန်ရေးအတွက် ကျိုးပဲ့သွားသောတိုင်များကို အစားထိုးလဲလှယ်ခြင်း၊ လိုင်းတိုင်နှင့်ကြိုးများရှင်းလင်းခြင်း၊ ခွဲရုံများအလိုက် ပျက်စီးမှုများ ပြန်လည်အစားထိုးပြုပြင်ခြင်း၊ ထရန်စဖော်မာများစစ်ဆေးခြင်း၊ မီတာများစစ်ဆေးခြင်းမှအစ လမ်းများ၊ ရပ်ကွက်များအထိ အသေးစိတ်ပြန်လည်စစ်ဆေးဆောင်ရွက်ပေးကြရသည်။ တစ်အိမ်ချင်းစီအလိုက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကိုလည်း အထူးအလေးထားလုပ်ဆောင်ရသည်။

**ဓာတ်အားလိုင်းပစ္စည်းများသယ်ယူ**

ပို့လွှတ်ရေးဓာတ်အားလိုင်းနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများအတွက် လိုအပ်သောပစ္စည်းများကို စစ်ရေယာဉ်မုတ္တမနှင့် ပုဂ္ဂလိကရေယာဉ်ကြီးများ၊ တပ်မတော်ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။ တာဝါတိုင်များ၊ တာဝါသံပေါင်များ၊ ၁၀ မီတာ၊ ၁၂ မီတာ၊ ၁၅ မီတာ၊ ၁၈ မီတာကွန်ကရစ်တိုင်များ၊ ထရန်စဖော်မာများ၊ ကြွေသီးနှင့်ဆက်စပ်ပစ္စည်းများ စသည်တို့အပါအဝင် ယာဉ်/ယန္တရားများမှအစ သယ်ယူခဲ့ကြသည်။ ပြင်ပယာဉ်များဖြင့်လည်း ငှားရမ်းသယ်ဆောင်ခဲ့သည်။ ရေယာဉ်ဖြင့်သယ်ယူရသောကွန်ကရစ်တိုင်များဆိုလျှင် ထောင်နှင့်ချီ၍ များပြားလှသည်။

**လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်မှု**

၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းတွင် ဓာတ်အားလိုင်းတိုင် ၄၄၈ တိုင်အနက် ၁၄ တိုင်ပျက်စီးမှုကို ပြင်ဆင်လျက်ရှိရာ ဇွန်လပထမပတ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ ထို့အတူ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေသည် ၇၁၉ တိုင်အနက် ၂၂၂ တိုင်ပျက်စီးခဲ့ရာ ဇွန်လပထမပတ်တွင် ပြီးစီးမည်။ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော် ၅၉၁ တိုင်တွင် ၅၆ တိုင်ပျက်စီးမှုသည် ဇွန်လတတိယပတ်တွင် ပြင်ဆင်ပြီးစီးမည်။ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦး ၆၂၁ တိုင်တွင် ၅၄ တိုင်ပျက်စီးမှု၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ၁၀၅ တိုင်တွင် ခုနစ်တိုင်ပျက်စီးမှုတို့ကို ပြန်လည်ပြုပြင်လျက်ရှိရာ ဇွန်လစတုတ္ထပတ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ ၆၆ ကေဗွီ ရသေ့တောင်-ဘူးသီးတောင်လိုင်းတွင် ၁၅၂ တိုင်အနက် ၂၇ တိုင်ပျက်စီးခဲ့ရာ ဇူလိုင်လပထမပတ်တွင် ပြင်ဆင်ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ ဆိုရသော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ကြီးကို ဇွန်လပထမပတ်အတွင်း မီးလင်းရေးကြိုးပမ်းနေသကဲ့သို့ ဒေသတစ်ခုလုံးကိုလည်း ဇူလိုင်လပထမပတ်ထက် နောက်မကျဘဲ မီးလင်းစေရေး ရည်မှန်းချက်ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဖြစ်လာစေရေးအတွက်လည်း မြို့တွင်းဖြန့်ဖြူးရေးဓာတ်အားလိုင်း ၁၁ ကေဗွီနှင့် ၄၀၀ ဗို့အားလိုင်းများကိုပါ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များအလိုက် ပြင်ဆင်လျက်ရှိရာ မြို့နယ်အားလုံး၏ ပျမ်းမျှပြီးစီးမှုရာခိုင်နှုန်းမှာ မေလ ၃၁ ရက်နေ့အထိ ၈၀ ဒသမ ၉ ရာခိုင်နှုန်းအထိ ပြီးစီးအောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။

ဆောင်ရွက်ရသောလုပ်ငန်းပမာဏကလည်း ကြီးမားများပြားသည်။ အချို့နေရာများတွင် မြစ်ကျော်တာဝါတိုင်များကို ခဲရာခဲဆစ်ပြန်လည်စိုက်ထူရသကဲ့သို့ အချို့ရေလွှမ်းနေသောနေရာများမှ ဓာတ်အားလိုင်းတိုင်များကို ပြန်လည်အစားထိုးတည်ဆောက်ရသည်မှာမလွယ်ကူပါ၊ မြို့နယ်အလိုက်၊ မြို့အလိုက် ၂၃၀ ကေဗွီလိုင်းများ၊ ၆၆ ကေဗွီလိုင်းများ၊ မြို့တွင်း ၁၁ ကေဗွီနှင့် ၄၀၀ ဗို့လိုင်းများ ပြန်လည်ကောင်းမွန်ရေးအတွက် ကျိုးပဲ့သွားသောတိုင်များကို အစားထိုးလဲလှယ်ခြင်း၊ လိုင်းတိုင်နှင့်ကြိုးများရှင်းလင်းခြင်း၊ ခွဲရုံများအလိုက် ပျက်စီးမှုများ ပြန်လည်အစားထိုးပြုပြင်ခြင်း၊ ထရန်စဖော်မာများစစ်ဆေးခြင်း၊ မီတာများစစ်ဆေးခြင်းမှအစ လမ်းများ၊ ရပ်ကွက်များအထိ အသေးစိတ်ပြန်လည်စစ်ဆေးဆောင်ရွက်ပေးကြရသည်။ တစ်အိမ်ချင်းစီအလိုက် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးကိုလည်း အထူးအလေးထားလုပ်ဆောင်

**ဂုဏ်ယူပါသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လာရောက်ကူညီဆောင်ရွက်ကြသူများအနက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများသည် ဒုတိယလူဦးရေအများဆုံးဖြစ်သည်။ ၁၁၉၄ ဦးရှိသည်။ ကရိန်းယာဉ်များပေါ်၊ လမ်းမီးတိုင်များပေါ်၊ သစ်ပင်များပေါ်၊ လမ်းများ၊ အိမ်များရှေ့၊ ဘုန်းကြီးကျောင်းများနှင့် သာသနိကအဆောက်အအုံများထဲ၊ ဘုရားစေတီဝင်းများ စသည့်နေရာများတွင် လျှပ်စစ်ဝန်ထမ်းများကို မြင်တွေ့နေရသည်။ နေ့၊ ညထမ်းဆောင်နေကြသည်။ ပင်ပန်းကြီးစွာ၊ စေတနာသဒ္ဓါထက်သန်စွာ ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေကြသော သူတို့၏ မွန်မြတ်သောစိတ်ဓာတ်နှင့် စွမ်းအားကိုလည်း လေးစားမိသည်။ ရခိုင်ပြည်နယ်သူ ပြည်နယ်သားများကလည်း ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် အမြဲတမ်းအမှတ်တရရှိနေကြလိမ့်မည်။ ဂုဏ်ယူပါသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန . . . . .။

(ဆက်လက်ဖော်ပြပါမည်)



ပို့လွှတ်ရေးဓာတ်အားလိုင်းနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများအတွက် လိုအပ်သောကွန်ကရစ်တိုင်များအား ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနေသည်ကို တွေ့ရစဉ်။



ပုဏ္ဏားကျွန်းမြို့တွင်းဓာတ်အားလိုင်း၊ ထရန်စဖော်မာနှင့် အဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။



စစ်တွေမြို့ မေယုလမ်းမကြီးတစ်လျှောက် လမ်းမီးများ ထွန်းလင်းနေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများဆက်ကပ်လှူဒါန်း

**စစ်တွေ ဇွန် ၅**

စစ်တွေမြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ စာသင်ဆောင်များ ပြန်လည်ပြုပြင်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ရွှေစေတီကျောင်းတိုက်၌ ကျင်းပသည်။

**တက်ရောက်ကြည့်ညို**

အခမ်းအနားသို့ ရခိုင်ပြည်နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး စစ်တွေမြို့ ရွှေစေတီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသ အမှူးပြုသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ညိုကြသည်။

ဦးစွာ မင်းကျောင်း ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန် ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တ ဉာဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခုနစ်ကျောင်းမှ ကျောင်းအုပ်ဆရာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ စာသင်ဆောင်များ ပြန်လည် ပြုပြင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဒေါက်တာဘဒ္ဒန္တအရိယဝံသထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**ငွေကျပ်သိန်း ၁၂၀၀ လှူဒါန်း**

ယနေ့ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင်များ အမြန်ဆုံးပြုပြင်နိုင်ရန် စစ်တွေမြို့ပေါ်ရှိ ရွာကြီးမြောက်ရပ်ကွက် ခေမာမဏ္ဍိုင်ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း၊ ကျောင်းတက်လမ်း ရပ်ကွက် ရွှေစေတီဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ဆတ်ရိုးကျရပ်ကွက် ဝေဠုဝန် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ဥယျာဉ်ဝတီ(က)ရပ်ကွက် မင်းကျောင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ မင်းဂံရပ်ကွက်(၁) ဝေဿလီ ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်း၊ လမ်းမတော်ရပ်ကွက် အမျိုးသားကျောင်း ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ မင်းဂံရပ်ကွက်(၆) မဟာဗောဓိဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း ခုနစ်ကျောင်းသို့ စုစုပေါင်း အလှူငွေကျပ်သိန်း ၁၂၀၀ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ခုနစ်ကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၅၅၅ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မင်းကျောင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ကျောင်းအုပ် ဆရာတော်ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Lucky Asia International Co.,Ltd. မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးဝါးများလှူဒါန်းမှုကို လက်ခံရယူစဉ်။

**တက်ရောက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် မုန်တိုင်းဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး အတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် Lucky Asia International Co.,Ltd. မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးဝါးများကို ရုပ်ရှင်သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးများက သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စစ်တွေမြို့ သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို လမ်းပိုင်းအလိုက် သတ်မှတ်၍ အင်အားပြည့်ဆောင်ရွက်ရန်၊ မြို့တွင်းရှိ ရှင်းလင်းပြီး အမှိုက်ပုံများနေရာတွင် အမှိုက်ပုံးများ လုံလောက်စွာထားရှိ၍ မြို့နေလူထုကိုလည်း စနစ်တကျ အမှိုက်စွန့်ပစ်စေရေး အသိပညာပေး ဆောင်ရွက်သွားရန်မှာကြားပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ် အတွင်း ဆက်သွယ်ရေး အော်ပရေတာလေးခု၏ မိုဘိုင်းစခန်း စုစုပေါင်း ၁၂၃၃ စခန်း ရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ ခုဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ မြေပေါ်မြေအောက် ဖိုက်ဘာကေဘယ်လ်များ ပြုပြင်ခြင်း၊ အချို့သော မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများကို ဖိုက်ဘာဆက်ကြောင်းများဖြင့် ပြောင်းလဲချိတ်ဆက်ခြင်းနှင့် မိုဘိုင်းစခန်း ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၅ ရက်အထိ မိုဘိုင်းစခန်း စုစုပေါင်း ၈၅၅ စခန်း ပြန်လည် ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်းမိုဘိုင်းစခန်း ၁၁၈၄ စခန်း ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၀၃ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြန်လည် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးပြတ်တောက်ခဲ့မှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၅**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနနှစ်ခုမှ ဝန်ထမ်းများ၏ သား၊ သမီးများဖြစ်ကြသည့် ကျောင်းသား ကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းသားမိဘများဖြစ်ကြသည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ ကျောင်းသားမိဘများဖြစ်ကြသည့် အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသည် ပညာရေးကို အားပေးသည့်နိုင်ငံဖြစ်ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်ပညာရေးစနစ် ထွန်းကားလာစေရန်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းနေနိုင်ရေးစနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပညာရေးကို ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားပညာရေး အဆင့်အတန်းမြင့်မားစေရန်အတွက် အနိမ့်ဆုံး (KG + 9) ပညာရေး ပြီးမြောက်စေရေးအစီအစဉ်၊ စက်မှုနှင့် သက်မွေးပညာသင်ကျောင်းများ အစီအစဉ်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်း Technical and Vocational Education and Training (TVET) အစီအစဉ်တို့ဖြင့် ပညာရေးမြှင့်တင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘများအနေဖြင့် မိမိတို့၏သား၊သမီးများကိုပေါက်မြောက်ထူးချွန်သောသားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံတော်အတွက် အားထားရသည့် လူကောင်းလူတော်များဖြစ်စေရန် စနစ်တကျပြုစုပျိုးထောင်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် မိဘ၊ ဆရာ၊ ကျောင်းသား သုံးဦး ပူးပေါင်းပြီး ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနနှစ်ခုတို့မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို ပေးအပ်ရာ ကျောင်းသားမိဘများကိုယ်စား ဌာနအလိုက်ကျောင်းသားမိဘတစ်ဦးစီက လက်ခံရယူကြသည်။

ယင်းကျောင်းသားမိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ယူကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းများတွင် ပညာသင်ယူကြမည့် ကျောင်းသား ကျောင်းသူ ၂၀၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်းကြီး (AACC)၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင်သည် မွန်ဂိုလီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်းကြီး (AACC)၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲအခမ်းအနားသို့ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်သည်။

**တက်ရောက်**

ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ AACC အဖွဲ့ဝင် နိုင်ငံပေါင်း ၂၀ မှ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းနောက် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးနှင့်အတူ Protection of Human Rights within the Constitutional Review ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံအပါအဝင် မွန်ဂိုလီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တူကီယဲနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများမှ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက စာတမ်းများ ဖတ်ကြားတင်ပြကြသည်။




အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါက်တာမာလာအောင်က The Improvement of the Protection of Human Rights within Consti-tutional System in Myanmar ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားတင်ပြရာ "မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြကြောင်းနှင့် ထိုတိုင်းရင်းသားလူမျိုးအားလုံးကို မည်သည့်နည်းနှင့်မျှ ခွဲခြားမှုမရှိစေရဘဲ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများအားလုံးကို အခြေခံဥပဒေဖြင့် တန်းတူအာမခံပေးထားကြောင်း၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားကြောင်း၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများအား အခြေခံဥပဒေနှင့်အညီ အကာအကွယ်ပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုင်လျှောက်သည့်နည်းလမ်းဖြင့် အကာအကွယ်ပေးထားကြောင်း၊ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံသို့ စာချွန်တော်လျှောက်ထားခြင်း နည်းလမ်းဖြင့်လည်း အကာအကွယ်ပေးထားကြောင်း တင်ပြဆွေးနွေးပြီး တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၅**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၁)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့်တကွ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်က ပညာရေးကဏ္ဍကို အထူးအလေးပေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများသည် တိုင်းပြည်၏အနာဂတ်ကို ဖန်တီးပုံဖော်ဆောင်ရွက်ကြမည့် လူငယ်များကို လေ့ကျင့်ပေးရသည့် ဥယျာဉ်မှူးများဖြစ်ကြသဖြင့် မိမိတို့တာဝန်ကို လေးစားတန်ဖိုးထားရန် လိုအပ်ကြောင်း၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်ကောင်းမွန်ပြီး စည်းကမ်းကောင်းသော၊ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးပို့ချသော ဘာသာရပ်များကို ဂရုတစိုက် လေ့လာမှတ်သားသွားကြရန်နှင့် သင်တန်းစည်းကမ်းများအပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ထုတ်ပြန်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၁)သို့ သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၄၂ ဦး စုစုပေါင်း ၄၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၅ ရက်မှ ဇူလိုင် ၇ ရက်အထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၃-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို(၉-၆-၂၀၂၃) ရက်၊ သောကြာနေ့ နံနက် (၀၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည် ဖြစ်ပါသည်

၃။ အောင်စာရင်းထုတ်ပြန်မည့်(၉-၆-၂၀၂၃)ရက်နေ့၊ နံနက်(၄)နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည်ဖြစ်ပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ်ကောင်းစွာ မရရှိသော စာစစ်ဌာနများ၏အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောင်စာရင်းကြည့်ရှုရန်လာရောက်ရာတွင်ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူများက ပူးပေါင်းဆောင်ရွက် ကူညီပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် (၀၁ - ၆၅၃၅၀၉ ) နှင့် (၀၁-၆၅၃၄၆၇)တို့ထံသို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် (၉-၆-၂၀၂၃) ရက်နေ့ (သောကြာနေ့)တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ဇွန် ၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မိုခါမုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့ပေးမှုကိစ္စများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ကျင်းပမည့် ပညာရေးဝန်ကြီးများ၏အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန်ထွက်ခွာ

**နေပြည်တော် ဇွန် ၅**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကျော်ဆန်းဝင်းနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ဇွန် ၇ ရက်မှ ၉ ရက် အထိ ကျင်းပမည့် ပညာရေးဝန်ကြီးများ၏ အပြည်ပြည်ဆိုင်ရာ ဖိုရမ်သို့တက်ရောက်ရန် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



**ဆွေးနွေးကြမည်**

အဆိုပါ ပညာရေးဖိုရမ်ကို “Shaping the Future” ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အနာဂတ်ပညာရေးကို ပုံဖော်နိုင်မည့် အခွင့်အလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၆ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇွန်လ ၅ ရက် )

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ (၁၀)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် (၁၀/၆၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)**၏ မှတ်ပုံတင်အမှတ်မှာ ( ၂၁ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၇ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇွန်လ ၅ ရက် )

**ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လသာအောက်လမ်း၊ အမှတ် (၆၃) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party)**၏ မှတ်ပုံတင်အမှတ်မှာ ( ၂၂ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသောစေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၇-၆-၂၀၂၃ ရက်နေ့မှစ၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်အတွင်းရှိ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီသို့ သွားရောက်ပြီး သားငါးထုတ်လုပ်တင်ပို့ရောင်းချမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။

**လိုက်လံရှင်းလင်းပြသ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့အား ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးရွှေကြိုင်က ငါးမြစ်ချင်းငါးမျိုးများ သားဖောက်မွေးမြူနေမှုနှင့် ငါးကန်များ ပြုပြင်ဆောင်ရွက်နေမှု၊ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှု၊ Delta Queen (Probiotic) ပိုးရည်နှင့် အီးအမ်ထုတ်လုပ်နေမှု၊ သဘာဝမြေဩဇာထုတ်လုပ်နေမှု၊ ငါးငံပြာရည်ထုတ်လုပ်နေမှု၊ Delta King ငါးဆီနှင့် ငါးစည်ဖောင်းခြောက်ထုတ်လုပ်နေမှုနှင့် ပြည်ပသို့ ငါးများတင်ပို့ရောင်းချနေမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် တိုင်းပြည်သာယာရေးနှင့် စားရေရိက္ခာဖူလုံစေရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ချမှတ်ပေးထားပြီး လုပ်ငန်းများအောင်မြင်စေရေးအတွက် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားပါကြောင်း၊ မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ဦးတည်ချက် (၁၂)ရပ်အောင်မြင်စေရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ပံ့ပိုးဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ခံယူထားပါကြောင်း၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ကူညီပံ့ပိုးပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ သားငါးထုတ်လုပ်တင်ပို့ရောင်းချနေမှုနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။



ဝါဝါဝင်း စိုက်ပျိုးမွေးမြူရေးကုမ္ပဏီသည် မအူပင်မြို့နယ် သောင်ဇားကျေးရွာအုပ်စု၊ ထနီးကျေးရွာအုပ်စုနှင့် ညောင်တုန်းမြို့နယ် ကျွန်းဦးကျေးရွာအုပ်စုတို့တွင် တည်ရှိပြီး ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှစ၍ ရေနက်ကွင်းရတနာမြေဖော်ထုတ်ရေး စီမံကိန်းအဖြစ် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ နွေစပါးဧက ၁၀၀ ခန့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ငါးမွေးမြူရေးလုပ်ငန်းအဖြစ် ဧက ၇၀၀၀ ကျော် လုပ်ကိုင်လျက်ရှိကာ အရည်အသွေးမီ ရောဂါကင်းစင်သည့် ငါးမြစ်ချင်း ငါးသားပေါက်များကို နှစ်စဉ်ငါးမှုန်ခွက် ၁၀၀၀၀ ခန့် ထုတ်လုပ်ပြီး မျိုးငါး သိန်း ၁၅၀ ခန့် ထည့်သွင်းမွေးမြူလျက်ရှိသည်။

ထို့ပြင် နိုင်ငံခြားနွားမျိုးကောင်းများဖြစ်သည့် Holstein Friesian (ဖရီရှန်)၊ Brahman (ဘရာမင်) စသည့် နွားကောင်ရေ ၄၃၈ ကောင် မွေးမြူထားပြီး နေ့စဉ် နွားနို့ပိသာချိန် ၇၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အလျင်အမြန် ပြန်လည်တိုးတက်လာစေရေး မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရုံးခွဲသို့ သွားရောက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပျက်စီးမှုအခြေအနေကို ကြည့်ရှုပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် စနစ်တကျဆောင်ရွက်ကြရေး မှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ Hotel Memory ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် တွေ့ဆုံသည်။



တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိုခါမုန်တိုင်းဒဏ်ကြောင့် စစ်တွေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် ချို့ယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးမဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် လုပ်ငန်းမြှင့်တင်လျက်ရှိပါကြောင်း၊ ခရီးသွားဧည့်သည်များ လာရောက်ကြရာတွင် အဆင်သင့်ဖြစ်နေစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားနိုင်မည့် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုင်ဆိုင်ထားသောဒေသဖြစ်သည့်အတွက် မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ဒေသခံများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က ရခိုင်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ခရီးသွားဧည့်သည်များ လာရောက်ရာတွင် အဆင်သင့်ဖြစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်နိုင်မှုအခြေအနေ၊ မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဟိုတယ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နေမှုအခြေအနေများ လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားတိုးမြှင့်ရေးအတွက် မွေးမြူရေးနှင့် အသားကဏ္ဍတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၅**

နိုင်ငံ့စီးပွားတိုးမြှင့်ရေးအတွက် မွေးမြူရေးနှင့်အသားကဏ္ဍတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT ဝင်းအတွင်းရှိ Fortune Int’l Ltd အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတိရစ္ဆာန်အစာထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ခေတ်မီနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ တိရစ္ဆာန်အစာစိုက်ပျိုးထုတ်လုပ်ပြီး သမားရိုးကျ လွှတ်ကျောင်းခြင်းမှ ခြံလှောင်မွေးမြူမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာရေးအပါအဝင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့အားလုံး ကျရာအခန်းကဏ္ဍက ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးတိရစ္ဆာန်၏ ကျန်းမာသန်စွမ်းမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အသားထွက်ရှိမှု အရည်အသွေးများသည် ယင်းတို့ကိုကျွေးမွေးသည့် အစာအာဟာရအပေါ် များစွာတည်မှီနေသဖြင့် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမှုရှိသည့် တိရစ္ဆာန်အစာပင်များနှင့် အစာပင်အမျိုးအစားအလိုက် အာဟာရပါဝင်မှုများ အပါအဝင် တိရစ္ဆာန်အစာနှင့်သက်ဆိုင်သော မိမိတို့အတွေ့အကြုံများကိုမွေးမြူရေးတောင်သူများ လက်တွေ့အသုံးချနိုင်ရေး လက်တွဲပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်က မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ဆောင်ရွက်ချက်များကို လည်းကောင်း၊ နို့စားနွား မွေးမြူရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းရှင်များ၊ ဝက်မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးအစာထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကြက်၊ ဘဲ မွေးမြူထုတ်လုပ်ရောင်းချသူများ အသင်းတာဝန်ရှိသူများနှင့် မျိုးခြံနှင့်ဖောက်စက်လုပ်ငန်းရှင်များ အစုအဖွဲ့ဝင်များက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးဌာနစု၏ တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ဆေး ထုတ်လုပ်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေး ငါးမျိုး၊ ဝက်ရောဂါကာကွယ်ဆေး နှစ်မျိုး၊ ကြက်ရောဂါကာကွယ်ဆေး တစ်မျိုးနှင့် ဆင်ရောဂါကာကွယ်ဆေး တစ်မျိုး ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ကာကွယ်ဆေးများ လျာထားချက်ပြည့်မီစွာထုတ်လုပ်နိုင်ရေး၊ ဆေးဝါးအရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနစု (ပေါင်းငူ)၏ မျိုးသန့်နွားများ ပြုစုပျိုးထောင်ခြင်း၊ မျိုးရည်ခဲချောင်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ရည် ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ နွားမေထုန်မဲ့သားစပ်ကျွမ်းကျင်သူ သင်တန်းများဖွင့်လှစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးသင့်ဒေသများတွင် ရေသန့်စင်ခြင်းလုပ်ငန်း၊ သောက်သုံးရေဖြန့်ဖြူးခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်



နေပြည်တော် ဇွန် ၅

မြို့ပြနှင့် ကျေးလက်အကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဘက်စုံကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအနေဖြင့် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့တွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကုန်ထုတ်လမ်း/တံတား၊ ကျေးလက်ဒေသရေရရှိရေး၊ ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းများအပြင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာပေါင်း ၂၃၀၀၀ ခန့်က အိမ်ထောင်စုပေါင်း ၂ ဒသမ ၆ သန်းခန့်ကို အမှန်တကယ်အကျိုးပြုနိုင်ခဲ့ကြောင်း၊

ဆိုင်ကလုန်းမုန်တိုင်း မိုခါဖြတ်သန်းတိုက်ခတ်ခဲ့သည့်ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝအပေါ် ထိခိုက်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မိုခါမုန်တိုင်းဒဏ်ခံစားခဲ့ရသော ဘေးဒဏ်သင့်ဒေသများမှာ ရေသန့်စင်ခြင်းလုပ်ငန်း၊ သောက်သုံးရေဖြန့်ဖြူးခြင်း၊ လာမည့်မိုးရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူများ အဓိကလိုအပ်သည့် မျိုးစေ့၊ မျိုး၊ မြေသြဇာစသည့် သွင်းအားစုများ၊ စက်ကိရိယာများ၊ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်းအပါအဝင် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသအခြေပြုဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်သွားရန်စီစဉ်လျက်ရှိကြောင်း၊ စီမံကိန်းအောင်မြင်မှုရလဒ်ကောင်းများရရှိရေး ဦးစီးဌာနများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး လုပ်ငန်းဆက်စပ်လျက်ရှိသည့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကဏ္ဍအသီးသီးတွင် ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ ကျေးရွာများမှ ကော်မတီဝင်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်/ အောက်မြန်မာပြည်)တို့မှ ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် ထူးချွန်ဆုများရရှိခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




























အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေများအား စနစ်တကျထိန်းသိမ်းကာကွယ်နိုင်ရေး ဆွေးနွေး





နေပြည်တော် ဇွန် ၅

ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါသယံဇာတထိန်းသိမ်းရေး သုတေသနနှင့် နည်းပညာဖလှယ်ရေးပူးပေါင်းအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ အတည်ပြုသတ်မှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မြန်မာနိုင်ငံရေကြောင်း ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများ၊ တက္ကသိုလ်များ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

### လုပ်ငန်းတာဝန်များ တိကျစွာရေးဆွဲထားရှိ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲထားရှိရာတွင် မျိုးတုန်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော ငါးမျိုးစိတ်များအား ကာကွယ်ခြင်း၊ ငါးအလွန်အကျွံ ဖမ်းဆီးခြင်း မဖြစ်စေရေးအတွက် ဂေဟစနစ်ကို အခြေခံသော ငါးဖမ်းနည်းများ အသုံးပြုရေး၊ အဏ္ဏဝါနယ်မြေများ တိုးချဲ့ထူထောင်ရေးလုပ်ငန်းများတွင် အဓိကဆောင်ရွက်ရမည့်ဌာနများ သတ်မှတ်ထားရှိပါကြောင်း၊ National Center for Marine Excellence စွမ်းရည်မြင့်မားရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ တက္ကသိုလ်များအတွက် လုပ်ငန်းတာဝန်များ တိကျစွာရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း။

ထို့အပြင် ရေပေါ်ရေအောက် သယံဇာတများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နိုင်ငံအဆင့်ကမ်းရိုးတန်း သယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ကျွမ်းကျင်ပညာရှင်များအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

မြန်မာ့ပင်လယ်ရေပြင်၏ ငါးသယံဇာတ တည်ရှိမှုကို နော်ဝေနိုင်ငံ Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ ၁၉၇၉–၈၀ ခုနှစ်များနှင့်နှိုင်းယှဉ်ကြည့်ပါက ရေပေါ်ငါးများတွင် ၈၀ ရာခိုင်နှုန်း၊ ရေအောက်နေငါးများတွင် ၆၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါလျော့နည်းလာသည့် ငါးသယံဇာတများ ပြန်လည်တိုးပွားလာရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီမှု၊ အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်လုပ်ဆောင်နေမှုများဖြင့် ငါးမဖမ်းဆီးရရာသီများ ပြင်ဆင်သတ်မှတ်ခြင်း၊ Vessel Monitoring System ဖြင့် ငါးဖမ်းရေယာဉ်များအား စောင့်ကြည့်ထိန်းချုပ်ခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်များနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တနင်္သာရီငါးဖမ်းရေပြင်အတွင်း လန်ပိကျွန်းအောက်ဘက်ရှိ ငါးဖမ်းကွက် ခြောက်ကွက်ကို Fish Conservation Zone သတ်မှတ်၍ ငါးဖမ်းဆီးမှုပိတ်ပင်ခြင်း စသည့် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယခုထက် ပိုမိုပေါင်းစပ်ဆောင်ရွက်ရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရေးအတွက် လုပ်ငန်းများ၏ ရည်ရွယ်ချက်၊ အကျိုးရလဒ်များကို အများပြည်သူ ပိုမိုသိရှိနားလည်သဘောပေါက်လာပြီး ပူးပေါင်း ဆောင်ရွက်လာစေရေးဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယနေ့အစည်းအဝေးတွင် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါသယံဇာတထိန်းသိမ်းရေး သုတေသနနှင့် နည်းပညာဖလှယ်ရေးပူးပေါင်းအဖွဲ့၏ လုပ်ငန်းတာဝန်(၁၁)ချက်ကို အခြေခံဆွေးနွေးသွားကြရန်ဖြစ်ကြောင်း၊ ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်တွင် ငါးပုံတစ်ပုံ ပါဝင်သော မြန်မာ့ပင်လယ်ကမ်းရိုးတန်းရှိ သဲသောင်ကမ်းခြေဂေဟစနစ်၊ ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ်၊ ကျွန်းဂေဟစနစ်နှင့် အဏ္ဏဝါဂေဟစနစ်ဆိုင်ရာ ထွက်ကုန်အမျိုးမျိုးနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးလျက်ရှိကြောင်း။

### နိုင်ငံတကာအဆင့်မီဆိပ်ကမ်းများ ဖွံ့ဖြိုးနိုင်ခြေရှိ

ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများ ဖွံ့ဖြိုးနိုင်ခြေရှိသည့် သဘာဝအတိုင်း တည်ရှိနေသော ကမ်းခြေနှင့်ကျွန်းများရှိနေခြင်းကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်သည့် အခြေအနေရှိကြောင်း၊ ကမ်းရိုးတန်းဒေသတွင် နေထိုင်လျက်ရှိသည့် တိုင်းရင်းသားဒေသခံပြည်သူများ၏ စုံလင်သည့် ရိုးရာအမွေအနှစ်ထိန်းသိမ်းခြင်း စသည့် အခွင့်အလမ်းများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် ပင်လယ်ကမ်းရိုးတန်း တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကော်မတီများနှင့် ခရိုင်အဆင့်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းများ ပိုမိုလေးနက်စွာဆောင်ရွက်နိုင်ရန် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးသုတေသနနှင့် နည်းပညာဖလှယ်ရေး ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က အဏ္ဏဝါသယံဇာတထိန်းသိမ်းရေး၊ သုတေသနနှင့် နည်းပညာဖလှယ်ရေးပူးပေါင်းအဖွဲ့ ဖွဲ့စည်းရန် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အစည်းအဝေးတွင်မြန်မာ့ပင်လယ်ကမ်းရိုးတန်းရှိအဏ္ဏဝါသယံဇာတထိန်းသိမ်းရေးအတွက် ငါးသယံဇာတတည်ရှိနေမှုနှင့် ငါးမျိုးစိတ်များပျံ့နှံ့တည်ရှိနေမှုကိုလေ့လာရန်၊ ရေငန်ဂေဟဆိုင်ရာ အချက်အလက်များအလိုက် ငါးများပြောင်းလဲကျက်စားနေမှုအခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် ငါးများ၏ ဥနှင့် သားလောင်းများ၏ ပေါက်ဖွားကြီးပြင်းရာအချိန်၊ ဒေသနှင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်သည့်မျိုးစိတ်(Species)များအားမှတ်တမ်းတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းများဆောင်ရွက်ရန်၊ မြန်မာ့ပင်လယ်ပြင်ရှိ သယံဇာတများကို နှစ်ပေါင်းများစွာ ရေရှည်ဖမ်းဆီး၍ ကောင်းစွာစီမံခန့်ခွဲရန်အတွက် မရှိမဖြစ်လိုအပ်သော တိကျခိုင်မာသည့် သတင်းအချက်အလက်များကို အခြေခံ၍ ရေရှည်တည်တံ့နိုင်သော ငါးလုပ်ငန်းစီမံခန့်ခွဲမှု ဖြစ်လာစေရေး ဆောင်ရွက်ရန်၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ အဏ္ဏဝါဂေဟဗေဒဆိုင်ရာ အချက်အလက်များနှင့် ငါးသယံဇာတတည်ရှိမှုပမာဏကို အခြေခံ၍ နှစ်စဉ်ပုံမှန် မျိုးမပြုန်းတီးစေဘဲ ဖမ်းဆီးနိုင်သောပမာဏ (Maximum Sustainable Yield – MSY) နှင့် ငါးများ၏ တည်ရှိမှုထုထည်ပမာဏ (Bio–mass)ကို လေ့လာဖော်ထုတ်သွားရန် ဝိုင်းဝန်း ဆွေးနွေးကြသည်။

ထို့အတူ မြန်မာ့ပင်လယ်ပြင်အတွင်း Plastic ပါဝင်နေမှုအတိုင်းအတာအား လေ့လာပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကို ကောင်းမွန်စွာ ချမှတ်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းဒေသရှိ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေ (Protected Area)များအား စနစ်တကျထိန်းသိမ်းကာကွယ်နိုင်ရေး မှတ်တမ်းတင်သုတေသနပြုလုပ်ရန်၊ တရားမဝင်ငါးဖမ်းဆီးမှုများမရှိစေရေး လူထုပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊ ကမ်းရိုးတန်း ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ အထောက်အကူပြုစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် အခြားအကျိုးဆက်စပ်သူများ ပုဂ္ဂလိက၊ ဒေသခံပြည်သူ၊ လူမှုရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် လေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ခြင်းနှင့် ဝန်ထမ်းသားသမီးများအား ကျောင်းသုံးပစ္စည်းနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ






နေပြည်တော် ဇွန် ၅

မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အတွင်းရှိဒေသစာရင်းစစ်ရုံး ဝန်ထမ်းများအတွက်ထောက်ပံ့ငွေ၊ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်း ၁၀ ဦး၏ အိုးအိမ်ပြိုကျမှု၊ ဝန်ထမ်း ၄၅ ဦး၏ အမိုးနှင့်သွပ်လန်မှု၊ ဝန်ထမ်းလေးဦး၏ ပြတင်းတံခါးများပျက်စီးမှု၊ ဝန်ထမ်း ခုနစ်ဦး၏ ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှု စုစုပေါင်း ဝန်ထမ်း ၆၆ ဦး၏ အိုးအိမ်ပျက်စီးမှုနှင့် ရုံးချုပ်မှ ဝန်ထမ်း နှစ်ဦး၏ ရခိုင်ပြည်နယ်ရှိ နေအိမ်ပျက်စီးမှုတို့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းဟောင်းများအသင်းနှင့် မြန်မာ–တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မူဆယ်ခရိုင်) မိသားစုတို့က လှူဒါန်းသည့် အလှူငွေ စုစုပေါင်း ငွေကျပ် ၂၀၉ သိန်း ၁ သောင်းနှင့် ပစ္စည်းတန်ဖိုး ၁၆၈ သိန်း ၂ သောင်း စုစုပေါင်းငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၃၇၇ သိန်း ၃ သောင်းကို ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးကိုယ်စား စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းကြည်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအား ကျောင်းသုံးပစ္စည်းနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော တက္ကသိုလ်ကျောင်းသား ၁၂ ဦး၊ အထက်တန်း ၁၇ ဦး၊ အလယ်တန်း ၄၅ ဦးနှင့် မူလတန်း ၈၆ ဦး စုစုပေါင်း ဝန်ထမ်းသားသမီး ၁၆၀ တို့အတွက် ဝန်ထမ်းသက်သာရန်ပုံငွေမှ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များစသည့် ကျောင်းသုံးစာရေးကိရိယာပစ္စည်း ခုနစ်မျိုးနှင့် ငွေသား စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၉ သိန်း ၅ သောင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ရောက်ရှိပြီး စက်ရုံသမိုင်းပြခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ယခင် ဆေးဝါးများ ထုတ်လုပ်ခဲ့သည့် စက်ပစ္စည်းကိရိယာများ စုံလင်စွာခင်းကျင်းပြသနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ပြခန်းတစ်ခုတွင်ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှုရှိအောင် ဆောင်ရွက်ရန်၊ စက်ရုံသမိုင်းပြခန်းတည်ဆောက်ခြင်းသည် နောင်အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာ၊ ဗဟုသုတရရှိစေရန်နှင့် စက်ရုံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းဟောင်းများကို လေးစားအသိအမှတ်ပြုပြီး ဂုဏ်ပြုခြင်းဖြစ်၍ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ဆေးဝါးစက်ရုံ(အင်းစိန်)BPI သည်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သောဆေးဝါးများကို ထုတ်လုပ်ပေးနေသည့်စက်ရုံဖြစ်၍ သမိုင်းမှတ်တမ်းရှိသော စက်ရုံဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်ရန်၊ ကျွမ်းကျင်ဝန်ထမ်းများစွာ လိုအပ်သဖြင့် လေ့ကျင့်သင်ကြားပေးရန်၊ သင်တန်းများစေလွှတ်ရာတွင် လုပ်ငန်းခွင်နှင့်ကိုက်ညီသည့် ဝန်ထမ်းများရွေးချယ်စေလွှတ်ရန်၊ ခေတ်နှင့်လျော်ညီသည့် စီမံခန့်ခွဲမှုစနစ်များ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရန်၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်အောင် အစဉ်အမြဲကြိုးစားဆောင်ရွက်ရန်၊ ဝန်ထမ်းကျင့်ဝတ်သိက္ခာများနှင့်အညီ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနအစည်းအဝေးခန်းမသို့ ရောက်ရှိရာ အထွေထွေမန်နေဂျာက သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို အစီအမံများရေးဆွဲဆောင်ရွက်ရန်၊ MSME ထုတ်ကုန်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ ဆောင်ရွက်မည့် ရည်မှန်းချက်ပန်းတိုင်၊ Key Performance Indicator- KPI များ သတ်မှတ်ဆောင်ရွက်ရန်၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် တိရစ္ဆာန်များအတွက် လိုအပ်သော ဆေးဝါးများနှင့် အားဖြည့်အစာများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ သုတေသနဌာနအနေဖြင့် ပြည်သူလူထုအတွက် လိုအပ်သော ဆေးဝါးများကို ပိုမိုထုတ်လုပ်ပေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်နိုင်ရေး စီမံချက်များရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများမှ ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့် နှစ်စဉ်ပျမ်းမျှတန်ချိန် ၁၅၀ ခန့် တင်သွင်းလျက်ရှိရာ စက်မှုဝန်ကြီးဌာနအနေဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သော အားဖြည့်အမှုန့်ကို သုတေသနပြုလုပ် စမ်းသပ်ထုတ်လုပ်ခဲ့သည်။

စမ်းသပ်ထုတ်လုပ်ခဲ့သည့် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များ ပါဝင်သော ငါးအစာတောင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ညှိနှိုင်း၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားငါးမွေးမြူရေးစခန်း၌ ငါးမြစ်ချင်းသားပေါက်များနှင့် လက်တွေ့စမ်းသပ်သုတေသနပြုလုပ်ခဲ့ရာ သုတေသနပြုလုပ်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ကောင်းမွန်သည့်ရလဒ်များ ရရှိခဲ့သည်။ သုတေသနပြုလုပ်သည့် လုပ်ငန်းစဉ်များ အောင်မြင်စွာပြီးစီးပါက ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် သုတေသနဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘေးထွက်ဆိုးကျိုး လျော့နည်းစေပြီး ပိုမိုထိရောက်သော ဆီးချိုပျောက်ဆေး (Metformin + Sitagliptin Table)၊ ထိခိုက်ရှနာများအတွက် အနာကျက်ဆေး Bioplacenton Gel၊ ဆီးဖြူသီးမှထုတ်လုပ်သော ကိုယ်ခံအားမြှင့်ဗီတာမင် (စီ) ဆေးပြား၊ ဆေးခါးကြီးမှထုတ်လုပ်သည့် အဖျားရောဂါကျ ဆေးပြား Andrographolide တို့ကို ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင် MSMEလုပ်ငန်းရှင်များ FDA လိုင်စင်ရရှိရေးအတွက် ၎င်းတို့၏ ထုတ်ကုန်များကို စားသောက်ကုန် ဓာတုဓာတ်ခွဲခန်းတွင် စားသောက်ကုန်စမ်းသပ်ချက် ၂၈ မျိုးနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ချက် လေးမျိုးတို့ကို ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ကြပ်မတ်စစ်ဆေးရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အမျှ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်သဖြင့် အလေးထားဆောင်ရွက်ရန်၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံ/ အလုပ်ရုံများသို့ ကွင်းဆင်းလေ့လာသွားရန်၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် အစဉ်တစိုက်လေ့လာသင်ယူသွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်) သို့ ရောက်ရှိပြီး စက်ရုံသမိုင်းပြခန်းတည်ဆောက်ရာတွင် ပြည့်စုံမှုရှိရန် မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် ဆေးဝါးစက်ရုံ(အင်းစိန်)တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းဟောင်းများနှင့် တွေ့ဆုံသည်။

ဦးစွာ စက်ရုံမှူးက စက်ရုံသမိုင်းပြခန်း တည်ဆောက်နေမှုကိုရှင်းလင်းတင်ပြရာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် စက်ရုံသမိုင်းပြခန်းတည်ဆောက်လျက်ရှိကြောင်း၊ ပြခန်းအင်္ဂါရပ်နှင့် ညီညွတ်ပြီး ပိုမိုကောင်းမွန်စေရေးအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် ဆေးဝါးစက်ရုံ(အင်းစိန်)တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပညာရှင်ဝန်ထမ်းဟောင်းများ၏ အကြံဉာဏ်များကို ရယူလို၍တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တည်ဆောက်လျက်ရှိသည့် စက်ရုံသမိုင်းပြခန်းလိုအပ်ချက်များကို ပွင့်လင်းစွာ ပြောကြားပေးစေလိုကြောင်း၊ စက်ရုံသမိုင်းပြခန်း၌ ယခင်ဆေးဝါးထုတ်လုပ်ခဲ့မှု၊ လက်ရှိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယခင် အသုံးပြုခဲ့သည့် သမိုင်းဝင်ဆေးဝါးထုတ်လုပ်သည့် စက်ပစ္စည်းများကို ခင်းကျင်းပြသသွားမည့်အပြင် စက်ရုံသမိုင်းပြခန်းတည်ဆောက်ပြီးစီးပါက ဆေးဝါးထုတ်လုပ်သည့်နည်း ပညာများ ဖြန့်ဝေခြင်း အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံခန့်ခွဲမှုစနစ်များနှင့် ပတ်သက်သည့်အလုပ်ရုံဆွေးနွေးပွဲများစသည်တို့ကို အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ယခင်ဆောင်ရွက်ခဲ့သည့် နည်းလမ်းများအတိုင်း ဆောင်ရွက်၍ ထုတ်လုပ်မှုနည်းပညာများကို လက်ဆင့်ကမ်းလေ့ကျင့်သင်ကြား မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရှင်ဝန်ထမ်းဟောင်းများက ၎င်းတို့၏ အတွေ့အကြုံများနှင့် ပြခန်းအတွင်း ထည့်သွင်းပြသသင့်သည့် အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပညာရှင်ဝန်ထမ်းဟောင်းများသည် စက်ရုံသမိုင်းပြခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက်တွင် ကနောင်စုရပ်ကွက် တိုက်ကျောင်းလမ်းရှိ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအစည်းဝေးခန်းမ၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)





မွန်ပြည်နယ် သထုံမြို့နယ်တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ ငါးကြီးအင်းဘုန်းကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် ပြည်လုံးချမ်းသာဘုန်းကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးကြစဉ်။

မြို့နယ် (ပြန်/ဆက်)



# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ပြေးခုန်ပစ်အားကစားနည်းမှ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ



နေပြည်တော် ဇွန် ၅

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Stadium Aquatic Centre ၌ ကျင်းပလျက်ရှိသည်။

ရေကူးအားကစားနည်း အမျိုးသား မီတာ(၅၀)ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံမှ မောင်မင်းထူးက ရေကူးအားကစားနည်းအတွက် ပထမဆုံး (ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၁၀၀) ပက်လက်ကူးပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံမှ မောင်အောင်မြင့်မြတ်က ပထမ(ရွှေတံဆိပ်)ဆု ကိုလည်းကောင်း ဆွတ်ခူးရရှိသည်။

ထို့အတူ အမျိုးသား မီတာ(၂၀၀) အလွတ်ကူးပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံမှ မောင်နိုဇင်က ဒုတိယ (ငွေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသား မီတာ(၅၀)လိပ်ပြာကူးပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံမှ မောင်ကျော်ထူးက ဒုတိယ(ငွေတံဆိပ်)ဆုကို လည်းကောင်း ရရှိကြသည်။

အလားတူ Morodok Techo National Stadium Complex ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ်အားကစားနည်း အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်စည်သူထက်က ဒုတိယ(ငွေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မထက်ထက်အေးက တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း ဆွတ်ခူးရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများအား မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မျက်မမြင်စစ်တုရင်၊ မျက်မမြင်ဂိုးလ်ဘော၊ ရေကူး၊ ဘော်လီဘော၊ အလေးမ၊ ဘောလုံး၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု ထပ်မံရရှိကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ် ၁၃ ခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ



နေပြည်တော် ဇွန် ၅

ရခိုင်ကမ်းရိုးတန်းဒေသသို့ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS SOMUDRA JOY(F-28) သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. ASM Sayem၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ သကြား၊ ဂျုံမှုန့်(?) ရေတိုက်... 

ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ်ဖြင့် ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများအား စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိစေရေးနှင့် ဆက်လက်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၀ | ၂၀၆၅ | ၂၀၄၅ | ၂၁၄၀ | ၂၁၆၀ | ၂၀၅၀ | ၂၀၆၀ | ၂၀၉၅ | ၂၀၉၅ | ၂၁၀၀ | ၂၃၃၀ | ၂၇၀၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၅ | ၂၂၀၅ | ၂၂၁၀ | ၂၄၃၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၄၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၄၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၆ | ၁၉၇၇ |
| 95 Ron | ၂၀၁၁ | ၂၀၈၄ |
| HSD (500 ppm) | ၁၈၄၅ | ၁၉၁၂ |
| HSD (50 ppm) | ၁၉၁၉ | ၁၉၈၇ |
| HSD (10 ppm) | ၁၉၁၉ | ၁၉၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမနေ့အဖြစ် မြန်မာနှင့် နီပေါ ယနေ့ကစားမည်

နေပြည်တော် ဇွန် ၅

၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စု (ခ) ပထမနေ့ကို ဇွန် ၆ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် နီပေါအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

တက်ရောက်

ပထမနေ့အဖြစ် ညနေ ၃ နာရီခွဲတွင် တရုတ်အသင်းနှင့် တရုတ်တိုင်ပေအသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု(က)ပွဲစဉ်များကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည်။ အုပ်စု (ခ) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇွန် ၅ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ မြန်မာ၊ တရုတ်၊ တရုတ်တိုင်ပေနှင့် နီပေါအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်သည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်စန်းစန်းသိန်းက "ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်ခင် ဂျပန်နိုင်ငံမှာ လေ့ကျင့်ပြင်ဆင်ခဲ့တာကြောင့် အတွေ့အကြုံတွေအများကြီးရရှိခဲ့ပါတယ်။ ပြီးပြည့်စုံတဲ့အသင်း မဟုတ်ပေမယ့် ခြေစစ်ပွဲအောင်မြင်ပြီး အားပေးတဲ့ပရိသတ်တွေ ပျော်ရွှင်မှုရအောင် ကစားသမားတွေရော နည်းပြအဖွဲ့ဝင်တွေပါ အကောင်းဆုံးကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**ကိုညီလေး**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

## တက်ရောက်

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဟားခါးမြို့နယ်သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်သည့် ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍အမှာစကားပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ



ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် ချင်းပြည်နယ် ဟားခါးမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့၌ ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များအား စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းကာ ဆိုင်ကလုန်းရှယ်တာ (Cyclone Shelter) များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ရှိ အခြေခံပညာကျောင်းများ၌ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားနေမှုများနှင့် စာသင်ဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မတူပီမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် ရှစ်ပေသွပ် အချပ် ၇၅၀ ကို လေဘေးသင့်ပြည်သူများ လက်ဝယ်သို့ ပေးအပ်ပြီး ဘာသာရေးကျောင်းများနှင့် တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းများအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ယမန်နေ့တွင် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ သွပ်၊ သံ၊ မိုးကာစများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်အဖွဲ့ဝင်များ ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဇွန် ၅

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီတို့က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသအလိုက် တာဝန်ပေးအပ်ထားသူများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ဒံပေါက်ထမင်းဘူးများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် အဖွဲ့ဝင်များသည် မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ



နှင့် ထောက်ပံ့ငွေများ ပေးအပ်ကြကာ SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံမိတ်ဆွေများ၏ ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ဒံပေါက်ထမင်းဘူးများ ထောက်ပံ့လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့၏ လူစည်ကားရာနေရာများတွင် မုန်တိုင်းသင့်ဒေသခံပြည်သူများအား ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းကြပြီး သန့်ရှင်းသောသောက်သုံးရေများ သောက်သုံးနိုင်ရန်အတွက် တပ်မတော်ရေသန့်စင် မော်တော်ယာဉ်ဖြင့် သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဝေလှူဒါန်းနေမှုနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများအမြန်ဆုံး ဆောင်ရွက်ပြီးစီးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ဒံပေါက်ထမင်းဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောင်တော ဇွန် ၅

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေလလျာထားချက်မှာ ပို့ကုန် ၁ ဒသမ ၅ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၄ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁ ဒသမ ၅၄၀ ဒေါ်လာသန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် သုည ဒသမ ၆၀၇ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၀၁ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၆၀၈ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၄၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့သည်။

တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး၊ အုန်းသီး၊ ဆီးသီးခြောက်၊ ချင်း(အစို)၊ သရက်သီး၊ မရန်းသီး၊ တညင်းသီး စုစုပေါင်းတန်ချိန် ၅၆၉ တန်နှင့် ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ပုစွန်ခြောက်၊ ငါးစုံလေးခြောက်၊ ငါးသလောက် စုစုပေါင်းတန်ချိန် ၂၃၅ ဒသမ ၀၆ တန်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ မုန့်ဖတ်ခြောက်၊ အဝတ်အထည်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ် စုစုပေါင်း တန်ချိန် ၂၁၀ ဒသမ ၂ တန်ဖြစ်ပြီး သွင်းကုန်အနေဖြင့် Plastic Pipe နှင့် PVC Tank တို့ တင်သွင်းခဲ့သည်။



# ကျောက်ပန်းတောင်းမြို့နယ်ရှိ မြေပဲစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

ကျောက်ပန်းတောင်း ဇွန် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးမြေပဲကို အဓိကစိုက်ပျိုးလျက်ရှိပြီး ဆောင်းမြေပဲကို အနည်းငယ်သာ စိုက်ပျိုးမှုရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးမြေပဲ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် ၅၈၂၇၁ ဧကရှိပြီး ၁၄၆၂၁ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ဈေးနှုန်းဈေးကွက်အနေဖြင့် ယခင်နှစ်က မြေပဲဆီဆန်တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀၊ မြေပဲလုံးဆန်တစ်တင်းလျှင် ငွေကျပ် ၄၈၀၀၀၊ မျိုးမြေပဲတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ဈေးနှုန်းများရှိခဲ့ပြီး ယခုနှစ်တွင် မြေပဲဆီဆန် တစ်တင်းလျှင် ငွေကျပ် ၁၀၄၀၀၀၊ မြေပဲလုံးဆန် တစ်တင်းလျှင် ငွေကျပ် ၁၀၅၆၀၀၊ မျိုးမြေပဲ တစ်တင်းလျှင် ငွေကျပ် ၁၀၈၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

# အိန္ဒိယအပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

မွမ်ဘိုင်း ဇွန် ၅

အိန္ဒိယအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲ မွမ်ဘိုင်းမြို့ရှိ Jio World Convention Centre ၌ ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ လည်းကောင်း၊ Bombay Exhibition Centre ၌ ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ လည်းကောင်း နေရာ နှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ မြန်မာပြခန်းဆောင်များဖြင့် ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသို့ ပြည်တွင်းမှ လာရောက်လေ့လာဝယ်ယူသူ ၃၅၀၀၀ နှင့် နိုင်ငံပေါင်း ၆၀ ကျော်မှ လာရောက်လေ့လာသူ ၁၀၀၀ ကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားပါကြောင်းနှင့် ကမ္ဘာ့ဒုတိယအကြီးဆုံး ကျောက်မျက်ရတနာပြပွဲဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဇွန် ၅

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ ပို့ကုန်တန်ချိန် ၂၄၁ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇ သန်း၊ သွင်းကုန်တန်ချိန် ၄၉၄ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၀ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပလာတူး၊ ပလာလန်း၊ ငါးခွေးလျှာ၊ ငါးပြက်၊ ငါးနီငယ်၊ ရေကြည်ငါး၊ ပသွပ်၊ ပါကင်ငါး၊ ကုလားကုတ်၊ ကြိမ်မွှေ့တောင်းတို့ဖြစ်ပြီး၊ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ကန့်၊ ပီလောပီနံမှုန့်၊ ကုန်စုံ၊ မီးသွေးမှုန့်၊ ဆိုးဆေးရည်၊ ကျောက်ချဉ်၊ ဓာတ်ဆီ၊ စတီးဝိုင်ယာကြိုး၊ လက်အိတ်၊ ဖော့သီးတို့ဖြစ်သည်။

# မုံရွာမြို့နယ်အတွင်း ခရမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

မုံရွာ ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုးအရှေ့ဘက်တွင်တည်ရှိသော ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်း၊ မြေနဲကျေးရွာများတွင် ထောပတ်ခရမ်းကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး ထောပတ်ခရမ်းရှည်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀-၁၅၀၀၊ ခရမ်းပုသီး(အဖြူ/ခရမ်းရောင်) တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀- ၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုဇွန်လ ပထမအပတ်ဈေးကွက်တွင် ခရမ်းသီးအမျိုးအစားဈေးနှုန်းများမှာ ထောပတ်ခရမ်းရှည်သီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၂၅၀၀၊ ခရမ်းပုသီး(အဖြူ/ခရမ်းရောင်) တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၂၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိပြီး ယခုအချိန်တွင် ခရမ်းသီးဈေးကောင်းရရှိနေသည့်အတွက် စိုက်ပျိုးသူတောင်သူများလည်း အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၅.၆.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၇၀၀ | ၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၇၀၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၂၉၀၀ | ၆၄၀၀ | ၇၁၀၀ | ၄၃၀၀ | ၇၀၀၀ | ၇၅၀ | ၇၈၀၀ | ၅၅၀၀ | ၄၇၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | | ၁၂၅၀၀ | ၆၃၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၃၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၁၇၅၀ | ၁၃၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၆၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၁၄၀၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၅၀၀ | ၇၂၀၀ | ၅၆၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၁၄၅၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၅၂၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ငရုတ်ခြောက် တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀၀ကျပ်၊ လှိုင်ကော်တွင် ၃၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပခုက္ကူတွင် ၇၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ် ၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ် ၊ တောင်ကြီးတွင် ၇၀၀ကျပ်၊ ဘားအံတွင် ၅၀၀ကျပ်၊ မုံရွာတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၅၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပခုက္ကူတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးနှင့် မြိတ်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးနှင့် မြိတ်တွင် ၁၀၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ)တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊မြေပဲဆန် တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊မန်ကျည်းသီး တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုကို ၂၀၂၃ ခုနှစ် မေ ၉ ရက်မှ ၁၆ ရက်အထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းမှူးက အသိပညာပေးစကားများ ပြောကြားကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒလမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့၊ မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သာ PDF အဖွဲ့ဝင်များ၏ကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် စေတနာရှင် အလှူရှင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စတုဒိသာကျွေးမွေးခြင်း၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၅

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စေတနာရှင် အလှူရှင်များကလည်း ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စတုဒိသာကျွေးမွေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့လှူဒါန်း**

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင်များက စစ်တွေမြို့ မင်းဂံရပ်ကွက်နှင့် ကျားမသောက်ကျေးရွာတို့ရှိ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား စတုဒိသာကျွေးမွေးခြင်း၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို သွားရောက်ထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၄ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အောင်ဆန်းရပ်ကွက်နေ အောင်ကိုဝင်း(ခ)ဘောင်ကြီးသည် ၎င်းအသုံးပြုသည့် “Aung Ko Win” Facebook အကောင့်၊ တမူးမြို့နယ် စော်ဘွားရပ်ကွက်နေ ထွေးမြင့်သည် ၎င်းအသုံးပြုသည့် “Htay Myint” TikTok အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၆၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၄-၆-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၅-၆-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၆၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၆၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၃)ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၈၇,၄၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၂၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၂၀၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၆၁၊ ဧရိယာ-၁.၃၆၃ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုံ(၁)၊ ကနောင်မင်းသားကြီးလမ်းနှင့်စက်မှု(၁)လမ်းထောင့်၊ အမှတ်-၆၁ ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစိန်လှိုင် (၁၂/အလန(နိုင်)၀၃၅၈၀၅) နှင့် ဦးသိန်းဝင်း (၁၂/ဥကတ(နိုင်)၀၃၄၆၉၆)တို့မှ တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး ဦးစိန်လှိုင် ကွယ်လွန်ပြီးနောက် ၎င်း၏ဝေစုကိုအမွေဆက်ခံပိုင်ဆိုင်ခဲ့သည်ဟုအဆိုပြုသော **ဒေါ်ကြည်** (၁၂/ဥကတ(နိုင်)၀၃၄၆၉၈)၊ **ဒေါ်အေး** (၁၂/အလန(နိုင်)၀၃၆၆၈၇)နှင့် **ဒေါ်မြမြ** (၁၂/လသန(နိုင်)၀၁၀၆၉၄)တို့နှင့် ဦးသိန်းဝင်း ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး: LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ** (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၆၂၊ ဧရိယာ-၁.၃၆၃ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုံ(၁)၊ စက်မှု(၁)လမ်း၊ အမှတ်-၆၂ ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်သည့် **EASTERN COMMERCIAL CO.,LTD** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-(ယခင်) ၃၃၉/၁၉၉၂-၁၉၉၃၊ (ယခု) **106638020**)ထံမှ ကျွန်ုပ်၏မိတ်ဆွေများကအပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး: LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ** (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား ဆင်တူယိုးမှား တုပထုတ်လုပ်ရောင်းချခြင်း မပြုရန် ကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ **ဒေါ်နုနုလွင်** (ဘ) ဦးသိန်းအောင်၊ နိုင်ငံသားအမှတ် - ၁၂/မဂတ (နိုင်) ၀၈၀၀၆၅ ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် (၂၉-၁-၁၉၉၉) ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ် (၃၅၅/၁၉၉၉) အရ မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

noti®



အထက်အမည်ပါ ကုန်အမှတ်တံဆိပ်အမည်အား ဆေးရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အင်္ဂလိပ်စာ (၄) လုံးပါ စာလုံးဒီဇိုင်းအမျိုးမျိုး အသုံးပြုလျှက်၊ ရုံးသုံး၊ ကျောင်းသုံး၊ လုပ်ငန်းသုံး ဘောလ်ပင် (Ball Pen)၊ ခဲသားဘောလ်ပင် (Mechanical Pencil)၊ အမှတ်အသားပြုဘောလ်ပင် (Marker Pen)၊ မှင်ဖျက်ဘောလ်ပင် (Correction Pen) များ၏ ကိုယ်ထည်ပေါ်တွင် ပုံစံဒီဇိုင်းဆေးရောင် အသုံးပြုကာထုတ်လုပ်လျှက် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကားထုတ်လုပ်ဖြန့်ချိရောင်းချလျှက်ရှိပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချနေသော "noti" အမှတ်တံဆိပ်အမှတ်အသားပါ ဘောလ်ပင် (Ball Pen)၊ ခဲသားဘောလ်ပင် (Mechanical Pencil)၊ အမှတ်အသားပြုဘောလ်ပင် (Marker Pen)၊ မှင်ဖျက်ဘောလ်ပင် (Correction Pen) များသည် ဈေးကွက်အတွင်း ကောင်းသောဂုဏ်သတင်းကြောင့် ရောင်းအားကောင်းမွန်နေသည့်အပေါ် ဆင်တူယိုးမှား တုပထုတ်လုပ်၍ ထုတ်ပိုးမှုပုံစံမှအစ ဆင်တူယိုးမှားတုပကာ ဖြန့်ချိရောင်းချလျှက်ရှိကြောင်း ကြားသိရပါသည်။ အတုအပပြုလုပ်ဖြန့်ချိရောင်းချသူများအနေဖြင့် ဤသတင်းစာ ကြေညာချက်ပါရှိသည့်နေ့မှစ၍ ဆင်တူယိုးမှား ထုတ်လုပ်ရောင်းချခြင်း၊ ထုတ်ပိုးမှုပုံစံတုပခြင်း၊ ဈေးကွက်အတွင်း ဖြန့်ချိလျှက် လက်လီ/လက်ကား ရောင်းချခြင်းတို့ကို လုံးဝမပြုလုပ်ရန်နှင့် ဤကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပိုင်ရှင်က ကျွန်ုပ်ထံပြသပေးအပ်သည့် ပစ္စည်းအထောက်အထားများအရ ဈေးကွက်အတွင်း ဝယ်ယူသုံးစွဲသူများကြားတွင် ထင်ယောင်ထင်မှား မဖြစ်စေရန် ကြေညာအပ်ပါသည်။

အထက်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားဖြင့် သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေရန် တုပထုတ်လုပ်ကာ ဈေးကွက်အတွင်း လက်လီ/လက်ကား ဖြန့်ချိရောင်းချနေခြင်းအပေါ် တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုအဝဝတို့အတွက် ဥပဒေကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဟသ်ာတဦးခင်ဇော်** | **ဒေါ်ခင်သက်သက်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၃၁)** |
| **LL.B, D.B.L, D.L.P** | **LL.B, D.B.L, D.I.L, D.M.L** |

အမှတ်-၃၂ ဦးဘဝင်းလမ်း၊ ၃၉-အေ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၄၂၀၁၅၇၆၅၂၊ ၀၉၄၂၀၁၁၁၀၃၉၊ ၀၉၉၇၈၀၈၆၁၅၇

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချသည့်နေ့ရက် | - | (၁၂-၆-၂၀၂၃)ရက် (တနင်္လာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | - | (၁၉-၆-၂၀၂၃)ရက် (တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန် | - | (၂၁-၆-၂၀၂၃)ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ |
| | ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ် | - | ၀၅၉-၂၀၂၁၁၁၄၊ ၀၅၉-၂၀၂၃၅၇၀ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်း၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်၊ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းတိုက်မှ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁၁၀၂)၊ Type(B)၊ အကျယ်အဝန်း(၉၀၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်သန်းသန်း [၁၂/စခန(နိုင်)၀၅၇၅၉၃]၊ ဒေါ်လှိုင်နန္ဒီခင် [၁၂/စခန(နိုင်)၀၅၇၅၉၁]တို့မှဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါတိုက်ခန်းဝယ်ယူစဉ်က Thanlyin Estate Development co. Ltd.နှင့် ဒေါ်ခင်သန်းသန်း၊ ဒေါ်လှိုင်နန္ဒီခင်တို့ ချုပ်ဆိုခဲ့သော(၃၁-၅-၂၀၁၂)ရက်စွဲပါ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်(အခွန်တံဆိပ်ခေါင်းစာချုပ်၏နောက်ဆက်တွဲပါစာချုပ်)မှာ အထားမှားအသိမ်းလွန်ရာမှ ပျောက်ဆုံးသွားပါသဖြင့် စာချုပ်မိတ္တူမှန်ပြန်လည် ထုတ်ယူရန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စာချုပ်မိတ္တူမှန်ထုတ်ယူပြီးနောက်ပိုင်းတွင် တစ်နည်းနည်းဖြင့်မူရင်းစာချုပ်ပေါ်ပေါက်လာပါက အဆိုပါမူရင်းစာချုပ်မှာဥပဒေနှင့် အကျုံးဝင်အတည်မဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းသန်း၊ ဒေါ်လှိုင်နန္ဒီခင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B.WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက် အမှတ်(၅၂၆/က)၊ မြေကွက်တည်နေရာအမှတ် (၅၂၆/က)၊ ကောလိယ(၂၄)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမောင်အေး(MUN-070855)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်အေး(ဖခင်)နှင့် ဒေါ်ရင်ရင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးဝင်းစိုး[၁၂/ဥကတ(နိုင်)၀၆၉၁၀၉]မှ တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၃၁၁၀/၂၀၂၂ (၃၀-၁၂-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ စံပါယ်ကွန်ဒို၊ (4-B)၊ အမှတ်(၅၀)နေ ဒေါ်ခင်ခင်ဆွေ [၁၂/လသန(နိုင်)၀၁၃၄၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန် တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက် အမှတ်-စက်မြေရပ်ကွက်၊ ဆရာစံ (၄)လမ်း၊ မြေကွက်အမှတ်-၆၄၃(ခ) ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဒေါ်စောယို(ခ)ဒေါ်ခင်ခင်အေး [၁၂/ကတတ(နိုင်)၀၂၄၇၈၅] နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်မှ လက်ရှိထားပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)(စဉ်-၁၆၀၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph-09-254405798, 09-785610847**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ Lot (၅) ခု နှင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ၊ ပလတ်စတစ်ရေဆေး၊ သာမိုပလတ်စတစ်ဆေး၊ လမ်းမီး ဆက်စပ်ပစ္စည်းများနှင့် Bucket Crane (Platform Truck) ဝယ်ယူခြင်း) Lot (၇)ခုတို့အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၆-၆-၂၀၂၃ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | - | ၁၉-၆-၂၀၂၃ ရက်၊ (၁၆:၀၀) နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် -

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ် ညောင်ထောက် အထက (ခွဲ) Grade-12 မှ မခင်မာစိုး၏ဖခင် အမည်မှန်မှာ ဦးငွေစိုး [၁၃/နခတ (နိုင်) ၀၆၂၆၁၂] ဖြစ်ပါကြောင်း။

**ဦးငွေစိုး**

## မိဘအမည်မှန်

နောင်ချိုမြို့၊ WVEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မကြည်ရွှန်းလဲ့၏ မိဘအမည်မှန်မှာ ဦးထွန်းဦး [၁၃/နခတ(နိုင်) ၀၅၇၈၂၃]နှင့်ဒေါ်ခင်ချို[၁၃/နခတ (နိုင်) ၀၅၇၈၃၇]ဖြစ်ပါကြောင်း။

**ဦးထွန်းဦး-ဒေါ်ခင်ချို**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၆-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၀)တွင် ပါရှိသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်နွယ်နီအေး၏ အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာ၌ ဖော်ပြပါရှိသော ရောင်းသူဦးထွန်းထွန်းဝင်း [၁၄/ရကန(နိုင်)၁၁၅၁၈၈]နှင့် ဝယ်သူ ဦးသန်းဝင်း[၁၂/ခရန(နိုင်) ၀၇၈၅၃၅]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
**ဖုန်း-၀၉-၂၅၂၂၁၀၈၀၇**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ဥတ္တရသီရိ အနောက်ရပ်)၊ မြေကွက်အမှတ်(ဥ-၃၁၄၉)၊ ဧရိယာ(၀.၂၃၈)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၂၇၄၃/၂၀၂၂)၊ (၁.၇.၂၀၂၂)ရက်စွဲဖြင့် ဦးမောင်ဌေး (ဘ) ဦးမှိုင်း[၁၂/ဒဂန(နိုင်)၀၁၀၅၂၆]မှ ဦးဟန်ဝင်းအောင် (ဘ) ဦးစိန်ဝင်းအောင်[၉/မနမ(နိုင်) ၀၀၂၃၂၆]သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို(၆.၆.၂၀၂၃) ရက်နေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဝေစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၅၆/၂၀)**
**ပိတောက်လမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၉၆၆၅၈၅၀၅၀**

